# ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အမေးများသည့်မေးခွန်းများ

**၁။ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုတာ ဘာလဲ။**

ဝမ်းပျက်ဝမ်းလျှောရောဂါဆိုသည်မှာ ၂၄ နာရီအတွင်း (၃) ကြိမ် (သို့) (၃) ကြိမ်နှင့်အထက် အရည်ဝမ်းသွားခြင်းဖြစ်ပြီး အော့အန်ခြင်းများပါတွဲဖက်၍ ဖြစ်ပေါ်နိုင်ပါသည်။

**၂။ ဝမ်းပျက်ဝမ်းလျှောရောဂါကို မည်ကဲ့သို့သောလူများက ပိုပြီးထိခိုက်ခံစားလွယ်ပါသလဲ။**

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရေဓါတ်ခန်းခြောက်ခြင်းကို ဖြစ်ပွားစေပြီး၊ အသက်အရွယ်မရွေး ဆိုးရွားစွာအန္တရာယ်ရှိနိုင်သလို အထူးသဖြင့် ကလေးသူငယ်များအတွက် အသက်အန္တရာယ်ရှိနိုင်ပါသည်။

**၃။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် မည်မျှမြန်ဆန်စွာ ပျံ့နှံ့နိုင်သနည်း။**

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မိမိပတ်ဝန်းကျင်တွင် အလွန်လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်ပါသည်။

**၄။ ဝမ်းပျက်ဝမ်းလျှောရောဂါကို ကြိုတင်ကာကွယ်၍ရနိုင်သလား။**

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းအားကြိုတင်ကာကွယ်နိုင်သလို ကုသ၍လည်းပျောက်ကင်းနိုင်ပါသည်။

**၅။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသည်ကို အခြားသူအားပြောပြလို့ရသလား။**

ပြောပြလို့ရပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေခြင်း(သို့)ရောဂါနှင့်ပတ်သက်သည့်အချက်အလက်များကို တိုင်ပင်ဆွေးနွေးခြင်း အတွက် ရှက်ကြောက်ရန်မလိုပါ။


**၆။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေပါက မည်သည့်ကြိုတင်ကာကွယ်သည့်နည်းလမ်းများ လုပ်ဆောင်သင့်ပါသလဲ။**

ကြိုတင်ကာကွယ်ရန်အတွက်--

- အရေးကြီးသည့်အချိန်(၅)ချိန်တိုင်းတွင် ဆပ်ပြာနှင့်သန့်စင်သည့်ရေကိုအသုံးပြု၍ လက်နှစ်ဖက်စလုံးကို ဆေးကြောပါ။
- သင်နှင့်သင့်မိသားစုဝင်တိုင်းသည် သောက်သုံးရန်နှင့် အသုံးပြုရန် (ချက်ပြုတ်လျှော်ဖွတ်)အတွက် သန့်စင်သည့်ရေကိုသာ အသုံးပြုပါ။
- လူနာအား နီးစပ်ရာကျန်းမာရေးဌာနသို့ လွှဲပြောင်းပို့ဆောင်ပါ။

**၇။ ဆပ်ပြာနှင့်သန့်စင်သည့်ရေကို အသုံးပြု၍လက်နှစ်ဖက်စလုံးကို ဆေးကြောရန် အရေးကြီးသည့်အချိန် (၅)ချိန်ဆိုတာ ဘာကို ဆိုလိုပါသလဲ။**

- အစာမစားမီတိုင်း
- ကလေး၏ မစင်အညစ်အကြေးကို ဆေးကြောသန့်စင်ပြီးတိုင်း
- ကလေးကို အစာမကျွေးမီတိုင်း
- အိမ်သာအသုံးပြုပြီးတိုင်း
- အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း မပြုမီအခါတိုင်း




**၈။ ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားရလျှင် သင်ဘာတွေလုပ်ဆောင်ရမည်နည်း။**

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက သန့်စင်သည့်ရေနှင့်ဖျော်စပ်ထားသည့် ဓါတ်ဆားရည်(ORS)ကို သောက်သုံးရမည်ဖြစ်ပြီး အစားအစာများကို ပုံမှန်အတိုင်းဆက်လက်စားသောက်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသပါ။

**၉။ နို့တိုက်မိခင် (သို့) သူမ၏ အသက် ၆ လအောက် ကလေး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက ဘာတွေလုပ်ဆောင်ရမည်နည်း။**

နို့တိုက်မိခင်(သို့) သူမ၏ အသက် ၆ လအောက် ကလေး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက ကလေးအား မိခင်နို့တစ်မျိုးထဲကိုသာ ဆက်လက်တိုက်ကျွေးပါ။

**၁၀။ မိမိတို့၏အိမ် (သို့) ယာယီစခန်းအနီးရှိ ရေကန်/ရေရနိုင်သည့်နေရာများမှ ရေကို ရယူအသုံးပြုသင့်ပါသလား။**

ထိုသို့သောရေကို ရယူအသုံးပြုခြင်း မပြုလုပ်သင့်ပါ။ အိမ်(သို့) ယာယီစခန်းအနီးရှိ ရေကန်/ရေရနိုင်သည့်နေရာများမှ ရေသည် မည်သည့်ရည်ရွယ်ချက်မဆို အသုံးပြုရန်အတွက် ဘေးကင်းစိတ်ချမှုမရှိပါ။

**၁၁။ သောက်သုံး/အသုံးပြုရန် သန့်စင်သည့်ရေ ဖြစ်ကြောင်းသေချာမှုရှိစေရန် ဘာလုပ်သင့်သနည်း။**

- ဘေးကင်းစိတ်ချစွာသောက်သုံးနိုင်ရန် ကလိုရင်းဆေးခတ်ထားသည့်ရေကို သောက်သုံးရမည်ဖြစ်ပါသည်။ သင့်အနီးပတ်ဝန်းကျင်ရှိ ကလိုရင်းဆေးခတ်ထားပြီးသည့် ရေပိုက်ကဲ့သို့သော ရေအရင်းမြစ်များမှ ရေကိုသာသောက်သုံးပါ။
- အဝီစိတွင်းမှထွက်သည့်ရေများကို Aquatabs (ရေသန့်စင်ဆေးပြား) ဖြင့် သန့်စင်ပြီး အဆိုပါရေများကို သန့်ရှင်းသည့်ရေပုံးများထဲတွင် အဖုံးဖုံး၍ သိုလှောင်ထားပါ။
- သင်သောက်သုံးမည့်ရေကို ခပ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းများကို လုပ်ဆောင်မည်ဆိုပါက သန့်ရှင်းသည့် အဖုံးပါသော ရေပုံးများကိုသာအသုံးပြုပါ။
- ရေကို အသုံးမပြုမီ ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လက်နှစ်ဖက်စလုံးကို ဆေးကြောပါ။

**၁၂။ ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ်မှ ကင်းဝေးစေရန် သန့်ရှင်းမှုရှိအောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။**

- ယင်ကောင်သည် ဝမ်းပျက်ဝမ်းလျှောရောဂါကို ကူးစက်ပျံ့နှံ့နိုင်သည့်အတွက် အစားအစာများကို အမြဲဖုံးအုပ်ထားပါ။
- အစားအသောက်များကို မသုံးဆောင်မီ အမြဲ အပူပေး(သို့) နွေးပေးပါ။
- ရေသန့်စင်ဆေးပြားမရှိလျှင် ရေကိုကြိုချက် သောက်သုံးပါ။
- အိမ်သာကို သန့်ရှင်းစင်ကြယ်အောင် ထားပါ။
- ကလေးများ၏မစင်ကို အိမ်သာ (သို့) သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျစွန့်ပစ်ပါ။


World Health Organization Myanmar
WASH Cluster Water Sanitation Hygiene
unicef for every child